ဝန်ကြီးရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ( ၁၉၆ / ၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID -19) ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၀-၉-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် (၁၀၇/၂၀၂၀) နှင့် ၂၂-၉-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် (၁၀၈/၂၀၂၀) တို့ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်စာများပါ မဖြစ်မနေဖွင့်လှစ်ရမည့် လုပ်ငန်းအမျိုးအစားများမှလွဲ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများကို လုပ်ငန်းခွင်သို့ သွားရောက်ခွင့်မပြုဘဲ မိမိနေအိမ်အတွင်းနေထိုင်ရန် (Stay at Home) အဖြစ် သတ်မှတ်ကြေညာထားပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် အဆိုပါထုတ်ပြန်ချက်များအရ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအနက် Stay at Home အစီအစဉ်တွင် အကျုံးဝင်သော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအတွက် ၂၀၁၂ ခုနှစ် ၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဥပဒေပုဒ်မ ၃၁ (ခ) (၂) နှင့် နည်းဥပဒေ ၁၃၆ (ခ) တို့အရ ၆/၂၀၂၀ လ မတိုင်မီ ထည့်ဝင်ကြေးငွေ အနည်းဆုံး ၃၆ လ ပေးသွင်းထားခြင်း မရှိစေကာမူ ၆/၂၀၂၀ လအတွက် ထည့်ဝင်ကြေးပေးသွင်းထားပြီး ၂၃-၉-၂၀၂၀ ရက်နေ့အထိ အလုပ်လုပ်ကိုင်နေသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား ၆/၂၀၂၀ လအတွက် ပေးသွင်းထားသော လုပ်ခလစာ၏ ၄၀ % ကို အာမခံအလုပ်သမားနှင့် မိသားစုအတွက် ငွေကြေးထောက်ပံ့မှု ခံစားခွင့်အဖြစ် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ် ၂ ပါ အချက်များနှင့် ကိုက်ညီသော လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ရှိသူများသည် ၎င်းတို့၏အလုပ်သမားများအတွက် လူမှုဖူလုံရေး ထောက်ပံ့ငွေရရှိနိုင်ရေး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဖြစ်စေ၊ Webportal – https://ssbmyanmar.org မှ ဖြစ်စေ ၊ Website – https://ssb.gov.mm မှ ဖြစ်စေ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားနိုင်ပါသည်။

၄။ အထက်ပါ ပြဋ္ဌာန်းချက်များသည် ဤအမိန့်ကြော်ငြာစာပါ ထုတ်ပြန်သည့်နေ့မှ စတင် အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၇၀ / အလ/ ခွဲ (၁) ၂၀၂၀ ( ၁၀၆၀၇ )

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၂၄ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ ------------------------------------------ဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီရုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့ရုံး

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ခ) လူမှုဖူလုံရေးအဖွဲ့

(ဂ) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဃ) အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

(စ) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန

(ဆ) ပြည်သူ့အင်အားဦးစီးဌာန

ဤဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

အမိန့်ကြော်ငြာစာ စာတွဲ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးနိုင်ပါရန် အပိုမိတ္တူ (၅)စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ